"သမိုင်းသင်ခန်းစာ" စာအုပ်သည်
ပုဂံအကြောင်း ရေးထားသော စာအုပ်ဖြစ်သည်။
သမိုင်းဖြစ်ရပ်မှန်နှင့် ပိုမိုနီးစပ်အောင် ပုဂံသမိုင်းကို
မဖြိုမပငြိုပဒါကျကျ ရှုမြင်သုံးသပ်ထားသည်။
မြန်မာသမိုင်းထဲက ပုဂံသမိုင်းကဏ္ဍသည်
ဝိဝါဒအဖြစ်ရဆုံး ကဏ္ဍဖြစ်သည်။
သမိုင်းဆရာများ အငြင်းပွားရဆုံး
"ကွန်တရိုဗာစီ" အဖြစ်ရဆုံးကဏ္ဍ ဖြစ်သည်။
ယင်းဝိဝါဒ၊ ယင်းအငြင်းအခုံ၊ ယင်းကွန်တရိုဗာစီများထဲတွင်
"သမိုင်းသင်ခန်းစာ" စာရေးဆရာသည် သူ့အတွက်
ကြားကျကျနေရာကို ရွေးချယ်ထားသည်။

"သမိုင်းသင်ခန်းစာ" ထဲက ဇာတ်ဆောင်များထဲတွင်
အနော်ရထာတို့လို၊ ကျန်စစ်သားတို့လို ထိပ်ဆုံးရောက်နေသူများ ရှိသလို
စောလူးတို့လို၊ နရသူရတို့လို အောက်ဆုံးရောက်နေသူများလည်း ရှိသည်။
နရပတိစည်သူတို့လို အလယ်အလတ်မှာ နေသူများလည်း ရှိသည်။
ရာဇကုမာရ်တို့လို ကျေးဇူးသိတတ်သူများ ရှိသလို
စောလူးလို၊ နရသူလို ကျေးဇူးကန်းသူများလည်း ရှိသည်။
ပုဂံသမိုင်းလမ်းသည် အနိမ့် အမြင့် အဆင်း အတက်လမ်းဖြစ်၍
တိမ်းစောင်းမသွားအောင် မနည်းသတိထားပြီး လျှောက်ရသည်။
ပုဂံသမိုင်းခရီးစခန်းများ၌ ရှုကွင်း၊ မြင်ကွင်းများကို တွေ့ရသည်။
တချို့ ရှုကွင်း၊ မြင်ကွင်းများမှာ မင်္ဂလာရှုကွင်းများဖြစ်ပြီး
တချို့ ရှုကွင်းများမှာ အ မင်္ဂလာရှုကွင်း၊ မြင်ကွင်းများဖြစ်သည်။
ယင်းရှုကွင်း၊ မြင်ကွင်းများမှ ထုတ်ယူရရှိသော သင်ခန်းစာသည်
"သမိုင်းသင်ခန်းစာ" . . . .

# သမိုင်းသင်ခန်းစာ

## ပါရဂူ

ISBN 9789997119643
PYG60
9 789997 119643
1,800.00KS

Cover Photo by Stefano Alemani on Unsplash

mgyoe.com

# စကားပလ္လင်

ရာဇဝင်သမိုင်းစာမျက်နှာများတွင် ဖော်ပြပါရှိသော ပုဂံအကြောင်းကိုလည်း ဖတ်သည်။ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် သီးသန့်ရေးသားထားသော ပုဂံအကြောင်းကိုလည်း တစေ့တစောင်း လေ့လာသည်။ ပုဂံဘုရားသမိုင်းစာအုပ်များကိုလည်း အလွတ်မပေးပေ။ ပုဂံအကြောင်း ပါးစပ်စကား၊ အရပ်စကား၊ ဒဏ္ဍာရီစကားများအတွက်လည်း မျက်စိဖွင့် နားစွင့်ထားသည်။ မိမိကိုယ်တိုင်လည်း ပုဂံကို အခေါက်ခေါက်အခါခါ ရောက်သွားသည်။ ပုဂံနှင့်ပတ်သက်သော ယင်းစာတွေ့၊ ကိုယ်တွေ့များသည် မိမိ၏ "ပုဂံခရီးသည်" စာအုပ်၏ စာမျက်နှာများ ဖြစ်လာသည်။

"ပုဂံခရီးသည်"သည် ပုဂံရှိ အနုပညာ၊ ဗိသုကာလက်စွမ်းပြ စေတီပုထိုးများကို မဏ္ဍိုင်ပြု၍ ရေးသားထားသော စာအုပ်ဖြစ်သည်။ စာအုပ်ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာလည်း "ပုဂံခရီးသည်"စာအုပ် အမှာစာ၌ ဖော်ပြထားသည့်အတိုင်း ခရီးသည်များအား ပုဂံသို့ခေါ်ဆောင်သွားရန်ဖြစ်သည်။ ပုဂံခရီးသည်များအား "ပုဂံလမ်းညွှန်"ပေးရန် ဖြစ်သည်။

စာအုပ်အတွက် ရည်ညွှန်းခံရသူများမှာ ထုထည်ကျယ်ပြန့် ကြီးမားနေသည်ဖြစ်၍ ထုထည်ကြီးမားကျယ်ပြန့်နေသော အရည်ညွှန်းခံများကို စည်းရုံးဖို့ လိုအပ်လာသည်။ ယင်းလိုအပ်ချက်ကို ဖြည့်တင်းရန်မှာ စာဖတ်သူစိတ်ဝင်စားအောင် ရေးခြင်းဖြစ်သည်။ ယင်းလိုအပ်ချက်က ဆွဲခေါ်သွားသည်ဖြစ်၍ မိမိ၏ကလောင်သည် ပျို့တိုင်းကြိုက်သည့် နှင်းဆီခိုင်အသွင် ဆောင်

mgyoe.com

mgyoe.com



သွားသည်။ စာဖတ်သူ၏ လိုအင်ဆန္ဒကို ဦးစားပေးရေးသော စာအုပ်အသွင် ဖြစ်လာသည်။ ပုဂံသမိုင်းကြောင်းကိုဖော်ပြရာ၌ တိကျမှန်ကန်သော လမ်း တစ်လမ်းကသာမလျှောက်ဘဲ နီးမည်ထင်သော ဖြတ်လမ်းဟုယူဆရသော လမ်းများကိုလည်း ရွေးချယ်လာသည်။ စာအုပ်ကို အများအကြိုက်ဖြစ်အောင် ဖန်တီးလာသည်။ ထောင့်စုံအလှာစုံမှ သိရှိရသော ပုဂံဗဟုသုတသည် "ပုဂံ ခရီးသည်"စာအုပ်ထဲ တိုးဝင်နေရာယူလာသည်။

ဤ **"သမိုင်းသင်ခန်းစာ"**စာအုပ်သည် ပုဂံအကြောင်းရေးထားသော စာအုပ်ဖြစ်သည်။ သို့သော်လည်း "ပုဂံခရီးသည်"စာအုပ်နှင့် တခြားစီဖြစ် သည်။ "ပုဂံခရီးသည်"၌ ပုဂံစေတီပုထိုးများကို မဏ္ဍိုင်ပြုရေးသားထားသော် လည်း "သမိုင်းသင်ခန်းစာ"ကမူ ပုဂံဘုရင်များကို မဏ္ဍိုင်ပြု၍ရေးထားသော စာအုပ်ဖြစ်သည်။ "ပုဂံခရီးသည်"၏ဦးတည်ချက်နယ်မြေနှင့် "သမိုင်း သင်ခန်းစာ"၏ ဦးတည်ချက်နယ်မြေသည် တစ်ခုနှင့်တစ်ခု မတူပေ။ "ပုဂံခရီး သည်"၏ ဦးတည်ချက်နယ်မြေကို အာရုံစူးစိုက်ရခြင်းထက် ခွင်ကျဉ်းသော နယ်မြေကို အာရုံစူးစိုက်ရခြင်းက ပိုပြီး ခရီးရောက်သည်။ **ကသိုဏ်းရှုရာ၌လည်းကောင်း၊ ဘာဝနာပွားများရာ၌လည်းကောင်း ကသိုဏ်း ရှုကွင်းရှုကွက်ကျဉ်းလေ၊ ဘာဝနာရှုကွင်းရှုကွက်ကျင်းလေ ခရီး ရောက်လေဖြစ်သည်။** ထို့ကြောင့် "သမိုင်းသင်ခန်းစာ"သည် "ပုဂံခရီး သည်"ထက် ဦးတည် ချက်လည်းအား ကောင်းသည်။ သမိုင်းဖြစ်ရပ်မှန်နှင့် လည်း ပိုမိုနီးစပ်သည်။

"သမိုင်းသင်ခန်းစာ"၌ စာရေးဆရာသည် ပုဂံသမိုင်းကို မဖွဲ့မပဋိပဒါ ကျကျ ရှုမြင်သုံးသပ်ထားသည်။ မြန်မာသမိုင်းထဲက ပုဂံသမိုင်းကဏ္ဍသည် ဝိဝါဒအဖြစ်ရဆုံး ကဏ္ဍဖြစ်သည်။ သမိုင်းဆရာများ အငြင်းပွားရဆုံး "ကွန် တရိုဗာစီ"အဖြစ်ရဆုံးကဏ္ဍဖြစ်သည်။ ယင်းဝိဝါဒ၊ ယင်းအငြင်းအခုံ၊ ယင်း ကွန်တရိုဗာစီများထဲတွင် "သမိုင်းသင်ခန်းစာ" စာရေးဆရာသည် သူ့အတွက် ကြားကျကျနေရာကို ရွေးချယ်ထားသည်။ ပုဂံသမိုင်းသည် မြေညီမဟုတ်ပေ။ အတက်အကျ အနိမ့်အမြင့်ရှိသည်။ "သမိုင်းသင်ခန်းစာ"ထဲက ဇာတ်ဆောင် များထဲတွင်လည်း အနော်ရထာတို့လို၊ ကျန်စစ်သားတို့လို ထိပ်ဆုံးရောက်

mgyoe.com

mgyoe.com



နေသူများရှိသလို စောလူးတို့လို၊ နရသူရတို့လို အောက်ဆုံးရောက်နေသူများလည်းရှိသည်။ နရပတိစည်သူတို့လို အလယ်အလတ်မှာနေသူများလည်းရှိသည်။ ရာဇကုမာရ်တို့လို ကျေးဇူးသိတတ်သူများရှိသလို စောလူးလို၊ နရသူလို ကျေးဇူးကန်းသူများလည်းရှိသည်။

အနိမ့်အမြင့် အဆင်းအတက်ရှိသောလမ်းကို လျှောက်ရသည်မှာ မြေညီလမ်း လျှောက်ရသလောက် မလွယ်ကူပေ။ လဲမကျသွားအောင် မနည်းသတိထားပြီး လျှောက်ရသည်။ ပုဂံသမိုင်းလမ်းလည်း အနိမ့်အမြင့် အဆင်းအတက်လမ်းဖြစ်၍ တိမ်းစောင်းမသွားအောင် မနည်းသတိထားပြီးလျှောက်ရသည်။ လဲမသွားအောင် တောင်ဝှေးထောက်ပြီးလျှောက်နေသော ပုဂံသမိုင်းခရီးသည် သည် ပုဂံသမိုင်းခရီးစခန်းများ၌ ရှုကွင်း၊ မြင်ကွင်းများကို တွေ့ရသည်။ တချို့ ရှုကွင်း၊ မြင်ကွင်းများမှာ မင်္ဂလာရှုကွင်းများဖြစ်ပြီး တချို့ရှုကွင်းများမှာ အ မင်္ဂလာရှုကွင်း၊ မြင်ကွင်းများဖြစ်သည်။ ယင်းရှုကွင်း၊ မြင်ကွင်းများမှ ထုတ်ယူရရှိသော သင်ခန်းစာသည် "သမိုင်းသင်ခန်းစာ"စာအုပ်ဖြစ်လာသည်။ မင်္ဂလာ၊ အမင်္ဂလာ၊ အကောင်း၊ အဆိုး နှစ်မျိုးလုံးမှ သင်ခန်းစာထုတ်ယူ၍ရသည်။

ဆောင်းပါးများမှာ တစ်အုပ်လုံး အစအဆုံး ရေးသွားခြင်းမျိုးမဟုတ်ဘဲ မဂ္ဂဇင်းများတွင် ထုံ့ပိုင်းထုံ့ပိုင်း ရေးရခြင်းဖြစ်၍ တချို့ဆောင်းပါးများ တစ်ပုဒ်နှင့်တစ်ပုဒ် အကြောင်းအရာ မဆိုစလောက် ထပ်သွားပါသည်။ ယင်းသို့ အစီအစဉ် ပြေပြစ်ချောမောခြင်းမရှိသည့်အတွက် စာဖတ်သူများ ခွင့်လွှတ်စိတ် ထားကြမည်ဆိုလျှင် စာရေးသူအနေဖြင့် ကျေးဇူးတင်မဆုံး ဖြစ်ရပါလိမ့်မည်။

ပါရဂူ

၂-၇-၂၀၀၆

❒

mgyoe.com

mgyoe.com


ညွတ်မှသာ နိုင်ငံတော် အစွန့်ရှည်ကြာမည်'ဟူသော ရည်မှန်းချက်ကြီးကို နားလည်သဘောပေါက်သည်။ ထိုမှတစ်ပါး ရာဇကုမာရတွင် ဝိသေသ လက္ခဏာများလည်း ရှိသေးသည်။

မင်းအာဏာ မင်းစည်းစိမ်ချမ်းသာကို မမက်မောခြင်း၊ ခမည်းတော်၏ကျေးဇူးကို သိတတ်သူဖြစ်၍ ခမည်းတော် လက်နှင့်ရေးသည်ကို ခြေနှင့် ဖျက်စိတ်မရှိခြင်း၊ သဘောထားမြင့်မြတ်ကြီးမားခြင်း၊ စိတ်ထားဖြူစင်ခြင်း စသည်တို့ ဖြစ်ကြသည်။ သို့ရာတွင် ရာဇဝင်သမိုင်း၏ စာမျက်နှာများထဲတွင် ရွှေစာလုံးဖြင့် ရေးထိုးမှတ်တမ်းတင်ထားရမည့် ရာဇကုမာရသည် မြန်မာနိုင်ငံသမိုင်း သို့မဟုတ် ပုဂံသမိုင်း၌ မြစေတီကျောက်စာ အခန်းကဏ္ဍ၌သာလျှင် ဖျတ်ခနဲ၊ ဖျတ်ခနဲ တစ်ချက်ပေါ်လာပြီးလျှင် တစ်ချိန်လုံး ပျောက်ကွယ်နေရသည်မှာ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှပေသည်။

## ရည်ညွှန်း

- မှန်နန်းရာဇဝင်။
- သုသောဓိတမဟာရာဇဝင်
- မြန်မာရာဇဝင်မှတ်စု
  (ရန်ကုန်တက္ကသိုလ် မြန်မာရာဇဝင်အသင်း ၁၉၅၈–၅၉)
- ကဏ္ဍဝါဟနဇာတ် (ငါးရာ့ငါးဆယ်ဇာတ်တော်)
- ဥဒ္ဒါလကဇာတ် (ငါးရာ့ငါးဆယ်ဇာတ်တော်)
- မဟာဘာရတ။
- သကုန္တလာပြဇာတ် (ကာလီဒါသ)
- မြစေတီကျောက်စာ
- History of Burma G.E Harvey

❐

mgyoe.com

